# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အခွန်အယူခံခုံအဖွဲ့

## ညွှန်ကြားချက်အမှတ် ( ၂ /၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇွန် လ ၁၄ ရက်

( ၁၃၈၄ ခုနှစ်၊ နယုန်လဆုတ် ၁ ရက် )

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၂ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်အယူခံခုံအဖွဲ့သို့ လျှောက်ထားသည့် ပြန်လည်သုံးသပ်မှုနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရေးနှင့် အခွန်အယူခံခုံအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားသူများက သိရှိလိုက်နာနိုင်ရေးတို့အတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ လျှောက်ထားသူသည် အယူခံမှု ဝင်ရောက်စဉ်က လုံလ ဝီရိယ စိုက်ထုတ် ရှာဖွေခဲ့သော်လည်း မသိရှိ၊ မတင်ပြနိုင်ခဲ့သော အရေးကြီးသည့် အကြောင်းအရာသစ် သို့မဟုတ် သက်သေခံချက်အသစ်ကို တွေ့ရှိခြင်းကြောင့်ဖြစ်စေ၊ အမှုတွဲတွင် ပေါ်လွင်ထင်ရှားသည့် မှားယွင်းမှု သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာအရဖြစ်စေ၊ အခြားလုံလောက်သော အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့်ဖြစ်စေ အယူခံမှုတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ခုံအဖွဲ့သို့ပင် လျှောက်ထားနိုင်သော်လည်း အောက်ပါအကြောင်းအချက်များနှင့် ပြည့်စုံမှုရှိရမည် -

(က) သက်သေခံချက် အသစ်တွေ့ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် လျှောက်ထားရာတွင် ယင်းသက်သေခံချက်သည် စပ်ဆိုင်မှုရှိရမည့်အပြင် ယင်းသက်သေခံချက်ကို လက်ခံပါက စီရင်ချက်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲမှုဖြစ်နိုင်စေရမည်။ တင်ပြသည့် သက်သေခံချက်အသစ်သည် အမှုကိုအပြီးသတ် သက်သေထင်ရှားစေရမည်ဖြစ်ကြောင်း ပေါ်လွင်စေရမည်၊

( ခ ) လျှောက်ထားသူအနေဖြင့် ထိုက်သင့်သော လုံ့လပြုမှုဖြင့် ဆောင်ရွက်ပါလျက် ယင်းသက်သေခံချက် တည်ရှိနေခြင်းကို လျှောက်ထားသူက သိရှိခဲ့ခြင်းမရှိကြောင်း တိကျ ခိုင်လုံစွာ သက်သေထင်ရှားပေါ်လွင်ရမည်၊

(ဂ) အမှုတွဲတွင် ပေါ်လွင်ထင်ရှားသည့် မှားယွင်းမှု သို့မဟုတ် ပျက်ကွက်မှုကို ပြင်ဆင်ပေးရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ခုံအဖွဲ့က လိုအပ်သည်ဟု ယူဆမှသာ ပြန်လည်သုံးသပ်မှုကို ခွင့်ပြုမည်ဖြစ်သည်။ မှားယွင်းကြောင်း ပေါ်လွင်စေရန် ပြင်ပအထောက်အထားမလိုဘဲ သိသာထင်ရှားသည့် အကြောင်းခြင်းရာနှင့်စပ်လျဉ်းသော မှားယွင်းချက်ဖြစ်ရန် လိုအပ်သည်၊

(ဃ) အခြားလုံလောက်သောအကြောင်းပြချက်ဆိုသည်မှာ ပြန်လည်သုံးသပ်မှု ပြုလုပ်ပေးပါရန် လျှောက်ထားမှုအတွက် အကြောင်းပြချက်သည် လုံလောက်မှုရှိရမည်။ အခွန်အယူခံခုံအဖွဲ့က ယုံကြည်လက်ခံနိုင်သော အကြောင်းပြချက်ဖြစ်မှသာ ပြန်လည်သုံးသပ်မှုကို လက်ခံမည်ဖြစ်သည်၊

(င) အယူခံမှုတွင် တင်ပြခဲ့သော အကြောင်းပြချက်များကို အခြားရှုထောင့်အမျိုးမျိုးမှ ထပ်မံတင်ပြထားသည့် ထပ်တူအကြောင်းအရာများမဖြစ်စေရ။

၃။ ပြန်လည်သုံးသပ်မှု လျှောက်ထားလွှာကို အထက်အပိုဒ် ၂၊ အပိုဒ်ခွဲများတွင် ဖော်ပြထားသည့် အကြောင်းအချက်များနှင့်အညီ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များ၏ သဘောဆန္ဒဖြင့် စိစစ်သုံးသပ်၍ ပြန်လည်သုံးသပ်မှု လျှောက်ထားချက်ကို လက်ခံခြင်း သို့မဟုတ် ကနဦး အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်းပြုရမည်။ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်အပေါ် ငြင်းပယ်ကြောင်း ချမှတ်သောအမိန့်ကို အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားခြင်းအား ခွင့်ပြုမည်မဟုတ်ပါ။ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အများစု၏ သဘောဆန္ဒဖြင့် ဆုံးဖြတ်မည်ဖြစ်ပြီး လျှောက်ထားချက်အား ငြင်းပယ်ပါက အကြောင်းပြချက်နှင့်အတူ လျှောက်ထားသူထံ ပြန်ကြားရမည်။ လျှောက်ထားချက်ကို လက်ခံပါက အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစတင်၍ အကျိုးသက်ရောက်ရမည်။

၁၄.၆.၂၂

(မြင့်ဦး)

ဥက္ကဋ္ဌ

စာအမှတ်၊ အခဃ(ဖွဲ့)/၆/၀၃( ၁၇၀ /၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၁၄ ရက်

ဖြန့်ဝေခြင်း

အဖွဲ့ဝင်များ ၊ အခွန်အယူခံခုံအဖွဲ့

ဥက္ကဋ္ဌရုံးခန်း ၊ အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ အကောက်ခွန်ဦးစီးဌာန

မှတ်ပုံတင်အရာရှိ ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

မိတ္တူကို

- ရုံးလက်ခံစာတွဲ
- မျှောစာတွဲ